## ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း မန္တလေးခုတင် (၁၀၀) ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံကြီး ပြင်ပလူနာဌာနတွင် အများဆုံး ကုသပေးခဲ့သော ရောဂါ(၁၀) မျိုးအားလေ့လာခြင်း

ခင်နှင်းဝေ

ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီး၊ မန္တလေးမြို့

မန္တလေးခုတင်(၁၀၀)ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံကြီး၊ ပြင်ပလူနာဌာန ၂၀၀၉ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ(၅)နှစ် အတွင်းလာရောက်ကုသသည့် ရောဂါ ၃၄ မျိုးအနက်မှ လူနာပေါင်း (၁၅၀၅၃၀)ယောက်ကို ကုသပေးခဲ့ပြီး အများဆုံးကုသပေးခဲ့သော ရောဂါ(၁၀)မျိုးမှာ အကြောရိုးအဆစ်ရောဂါ၊ လေငန်းရောဂါ၊ သွေးတိုးရောဂါ၊ ထိခိုက်ဒဏ်နာ၊ မီးယပ်ရောဂါ၊ နှလုံးရောဂါအမျိုးမျိုး၊ အခြားအနာပေါက်၊ ဆီးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အစာမကြေရောဂါ တို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ထို့ကြောင့်ပြည်သူလူထုသည် အထက်ပါရောဂါများကို တိုင်းရင်းဆေးဖြင့် အားကိုးယုံကြည်စွာ ကုသမှုခံယူကြောင်း သိရှိရပါသည်။